MYANMAR GARMENT MANUFACTURERS ASSOCIATION

# NEWSLETTER

AUGUST 2023, ISSUE




## MGMA, MRGMA နှင့် အဖွဲ့ဝင်စက်ရုံများ Intertextile Shanghai Apparel Fabrics - Autumn Edition 2023 သို့တက်ရောက်




မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) ၏ ဦးဆောင်၍ ရန်ကုန်နှင့် မန္တလေးမြို့ရှိ အဖွဲ့ဝင်စက်ရုံများမှ အထည်ချုပ်လုပ်ငန်းရှင် ၄၂ ဦး တို့လိုက်ပါပြီး Messe Frankfurt (Hong Kong) မှကြီးမှူးပြီး ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်မှ ၃၀ ရက်ထိ National Exhibition and Convention Center(Shanghai) ၌ ကျင်းပပြုလုပ်ခဲ့သည့် Intertextile Shanghai Apparel Fabrics - Autumn Edition 2023 သို့တက်ရောက်ခဲ့ကြသည်။

**စာမျက်နှာ ၂ သို့** >>>>>>>>>>

---

## MGMA ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ UMFCCI ၏ ဂုဏ်ပြုလွှာပေးအပ်ပွဲ အခမ်းအနား သို့တက်ရောက်

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် မှပြုလုပ်သည့် မိုခါ မုန်တိုင်းဒဏ်သင့် ဒေသများ ပြန်လည်ထူထောင်ရေးအတွက် အလှူရှင် များအား ဂုဏ်ပြု မှတ်တမ်းလွှာပေးအပ်ပွဲ အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက် က Pan Pacific Hotel ၌ပြုလုပ်ခဲ့သည်။

**စာမျက်နှာ ၇ သို့** >>>>>>>>>>



# မာတိကာ

## Activities and News **Page**

MGMA,MRGMA နှင့် အဖွဲ့ဝင်စက်ရုံများ Intertextile Shanghai Apparel Fabrics - Autumn Edition 2023 သို့တက်ရောက် ........ ၂-၃-၄-၅-၆
သတင်းထုတ်ပြန်ချက် ........ ၇-၈
MGMA ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ UMFCCI ၏ ဂုဏ်ပြုလွှာပေးအပ်ပွဲ အခမ်းအနား သို့တက်ရောက် ၉-၁၀
မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု " စံ " သတ်မှတ်ပြဌာန်းရေးအဖွဲ့ (NSSA) Level 1 စစ်ဆေးခြင်း........ ၁၁
NSSA's Garment Sewing Machine Operator Level 2 စစ်ဆေးခြင်း........ ၁၂
တစ်ဆင့်မြင့်မော်တာစက်ချုပ်သင်တန်း (အမှတ်စဉ် - ၄) ........ ၁၃-၁၄
စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၂၀-၂၁) ........ ၁၅
အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် ( ၂၂၃ ) ........ ၁၆
အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် ( ၂၂၄ ) ........ ၁၇
အလုပ်သမားဥပဒေလေးစားလိုက်နာမှုဆိုင်ရာ ကိုယ့်ကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်း (VLCA) ........ ၁၈

## Upcoming Activities

| *No.* | *Descriptions* | *Date & Time* | *Venue* |
|---|---|---|---|
| 1. | Labour Law Awareness Training Batch – 22 & 23 | TBA | MGHRDC |
| 2. | Basic Sewing Machine Operator Training (Batch – 227-228) | TBA | MGHRDC |

## Membership Update

Membership update as of  August 2023 ........ ၁၉

## MGMA, MRGMA နှင့် အဖွဲ့ဝင်စက်ရုံများ Intertextile Shanghai Apparel Fabrics - Autumn Edition 2023 သို့တက်ရောက်




မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) ၏ ဦးဆောင်၍ ရန်ကုန်နှင့် မန္တလေးမြို့ရှိ အဖွဲ့ဝင်စက်ရုံများမှ အထည်ချုပ်လုပ်ငန်းရှင် ၄၂ ဦး တို့လိုက်ပါပြီး Messe Frankfurt (Hong Kong) မှကြီးမှူးပြီး ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်မှ ၃၀ ရက်ထိ National Exhibition and Convention Center(Shanghai) ၌ကျင်းပပြုလုပ်ခဲ့သည့် Intertextile Shanghai Apparel Fabrics - Autumn Edition 2023 သို့တက်ရောက်ခဲ့ကြသည်။ ခရီးစဉ်ပထမဦးဆုံးနေ့ဖြစ်သော ဩဂုတ်လ ၂၇ ရက်တွင် Member's Networking Dinner ကို ပြုလုပ်ခဲ့ပြီး MGMA နှင့် MRGMA မှ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ နှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ နှင့် ရန်ကုန်၊ မန္တလေးမြို့များရှိ အဖွဲ့ဝင်စက်ရုံများ အထည်ချုပ်လုပ်ငန်းရှင်များ အတူတကွ ညစာစားခဲ့ကြသည်။










intertextile
买家团来啦
intertextile
欢迎缅甸买家团
Welcome Myanmar Garment
Manufacturers Association
intertextile 纺织旗舰展会
汇聚全球优质买家








ROMROL


RECYCLED FROM AIR






Intertextile Shanghai Apparel Fabrics - Autumn Edition 2023 ပြပွဲ ပထမရက်ဖြစ်သော ဩဂုတ်လ ၂၈ ရက်တွင်ပြုလုပ်သည့် Roundtable Discussion သို့ MGMA ၏ ဥက္ကဋ္ဌ၊ ဒု-ဥက္ကဋ္ဌ၊ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် မန်နေးဂျင်းဒါရိုက်တာတို့ တက်ရောက်ခဲ့ကြသည်။ အဆိုပါဆွေးနွေးပွဲတွင် MGMA ဥက္ကဋ္ဌ မှ "How is digital transformation impacting the textile and clothing industry in terms of production processes, supply chain management, and customer experience" ခေါင်းစဉ်အောက်တွင် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်း၏ လက်ရှိကျင့်သုံးလျက်ရှိသော စက်ရုံများ၏ကုန်ထုတ်လုပ်မှုလုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ဦးဆောင်ဆွေးနွေးခဲ့သည်။ ASEAN Federation of Textile Industries (AFTEX) အဖွဲ့ဝင်နိုင်ငံများဖြစ်သည့် မြန်မာ၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှား၊ လာအို နှင့် ဖိလစ်ပိုင် နိုင်ငံတာဝန်ရှိလူကြီးမင်းများမှ "How sustainable supply chain and digital transformation support SDGs in Asia" ခေါင်းစဉ်ဖြင့် နေ့လယ်ခင်းအစီအစဉ်အဖြစ် ဆက်လက်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် AFTEX မှတာဝန်ရှိသူများ၊ ပြပွဲကျင်းပသူများ၊ MGMA မှတာဝန်ရှိသူတို့အတူ InterContinental Shanghai Hongqiao Hotel တွင်ပြုလုပ်သည့် Networking Dinner သို့တက်ရောက်ခဲ့ကြသည်။









ဩဂုတ်လ ၂၉ ရက်တွင် MGMA Buyer Delegation များမှ Changshu,Jiangsu ပြည်နယ်ရှိ ပိတ်စမှစတင်ပြီး အဝတ်အထည်များကို ထုတ်လုပ်နေသည့် (One Stop Service Production from Textile to Garment) စက်ရုံ ၂ ရုံအားသွားရောက်လေ့လာကြည့်ရှုခဲ့ကြသည်။ ထို့နောက် ရန်ကုန်၊ မန္တလေးမြို့ရှိ MGMA အဖွဲ့ဝင်စက်ရုံများနှင့် AFTEX ကမ္ဘောဒီးယား၊ ဗီယက်နမ်၊ စင်ကာပူ၊ ထိုင်း၊ အင်ဒိုနီးရှား၊ လာအို နှင့် ဖိလစ်ပိုင် နိုင်ငံ တို့မှ တာဝန်ရှိလူကြီးမင်း တို့အတူ စက်ရုံများ၏ Production Process များနှင့်ပတ်သက်သည့်ရှင်းလင်းမှုများကို လေ့လာခဲ့ကြသည်။ အဆိုစက်ရုံနှစ်ရုံသည် ပိတ်စများထုတ်လုပ်ခြင်း၊ ဆေးဆိုးခြင်း၊ ပုံနှိပ်ခြင်းမှစတင်ကာ အဝတ်အထည်ထိ တစ်နေရာတည်းတွင် ထုတ်လုပ်နေသည့် စက်ရုံများဖြစ်ပြီး Auto Hunger System စနစ်ကိုအသုံးပြုကာ Production Process များကို လုပ်ဆောင်လျက်ရှိသည့် အပြင် နောက်ဆုံးပေါ်နည်းပညာများကိုလည်း အသုံးပြုနေသည့်စက်ရုံများဖြစ်သည်။



ဩဂုတ်လ ၃၀ ရက်နေ့တွင် Business Matching ကို ပိတ်စထုတ်လုပ်သူများနှင့် MGMA buyer delegates တို့တွေ့ဆုံကာ မိမိလိုအပ်ချက်နှင့်ကိုက်ညီသည့်ပိတ်စများ Accessories များကို နမူနာ များအား ပြသခြင်း၊ ကြည့်ရှုခြင်း များပြုလုပ်ကာ ဆွေးနွေးဖလှယ်ခဲ့ကြသည်။ MGMA ၏ ဥက္ကဌနှင့် မန်နေဂျင်းဒါရိုက်တာ တို့မှ Messe Frankfurt Hong Kong မှ PR Team ဖြင့် မြန်မာ-တရုတ် စီးပွားရေးဆိုင်ရာ ဆက်ဆံရေးများနှင့် အနာဂတ်တွင် အလားအလာရှိသည့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများအကြောင်းကို အင်တာဗျူးပြုလုပ်ခဲ့သည်။



















# PRESS RELEASED


မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း

**MYANMAR GARMENT MANUFACTURERS ASSOCIATION**

UMFCCI - 9th Floor, No. 29, Min Ye Kyaw Swar Road, Lanmadaw Township, Yangon

☎: 95-1-2300253, 95-1-2314829 Fax: 95-1-2314829 ✉: mgma@myanmargarments.org


**အပြည်ပြည်ဆိုင်ရာကုန်အမှတ်တံဆိပ်လုပ်ငန်းအချို့က မကြာသေးမီကထုတ်ပြန်ခဲ့သည့် ထုတ်ပြန်ချက်များအပြီးတွင် မြန်မာ့အထည်ချုပ်ကဏ္ဍကို ဆက်လက်တိုးတက်စေရန် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA)က ကတိကဝတ်ပြု**

၂၀၂၃ခုနှစ် ဩဂုတ်လ (၂၅)ရက်

၁။ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) သည် H&M Group မြန်မာနိုင်ငံက ချုပ်ထည်အမှာစာပစ္စည်းများ ဝယ်ယူခြင်းအား တစ်ဆင့်ချင်းအလိုက် ရပ်သိမ်းရန် ဆုံးဖြတ်ခဲ့ကြောင်း ၂၀၂၃ ခုနှစ် ဩဂုတ်လ (၁၇) ရက်နေ့ထုတ် Reuters သတင်းဆောင်းပါးကတစ်ဆင့် သိရှိခဲ့ပါသည်။*

၂။ MGMA သည် ဤကဲ့သို့ မမျှော်မှန်းထားသော ဖြစ်ပေါ်ပြောင်းလဲမှု သတင်းစကားကို ဖတ်ရှုရသည့်အတွက် စိတ်မကောင်းဖြစ်ရပါသည်။ ထိုသို့သော ဆုံးဖြတ်ချက်များသည် စိန်ခေါ်မှုရှိသော စီးပွားရေးအခြေအနေများကြားတွင် အလုပ်ထုတ်ခံရနိုင်ခြေ မြင့်မားခြင်း အပါအဝင် စက်ရုံများရှိ ဝန်ထမ်းများ၏ အသက်မွေးဝမ်းကြောင်းကို များစွာထိခိုက်စေမည် ဖြစ်ပါသည်။

၃။ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းကို ၂၀၀၂ခုနှစ် တည်ထောင်ခဲ့ချိန်က စတင်ပြီး ကဏ္ဍအသီးသီးမှ အကျိုးသက်ဆိုင်သူများ၊ ဖွံ့ဖြိုးတိုးတက်ရေးအေဂျင်စီများ၊ နိုင်ငံတကာမိတ်ဖက်များနှင့် နာမည်ရကုန်အမှတ်တံဆိပ်လုပ်ငန်းများဖြင့် မြန်မာ့အထည်ချုပ်စက်ရုံများ၏ အခြေအနေများကို တိုးတက်ကောင်းမွန်လာစေရန် ဆောင်ရွက်ခဲ့ပါသည်။

၄။ MGMA သည် ၂၀၂၀ခုနှစ် ဖေဖော်ဝါရီလက စတင်၍ Voluntary Labour Compliance Assessment (VLCA) ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပြီး အဖွဲ့ဝင်စက်ရုံများ၏ အမျိုးသား အလုပ်သမားဥပဒေများ၊ နိုင်ငံတကာအလုပ်သမားဆိုင်ရာ စံသတ်မှတ်ချက်များနှင့် ပတ်သက်၍ လိုက်နာမှုရှိမရှိ ဆန်းစစ်အကဲဖြတ်မှုများကို ဆောင်ရွက်နေပါသည်။ အကဲဖြတ်မှုများ အရှိန်မြှင့်ရန်နှင့် စာရင်းသွင်းမှုကို တိုးချဲ့ရန်အတွက် Online Version ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် စတင်ခဲ့သည်။ ယခုအချိန်အထိ စက်ရုံပေါင်း (၂၂၀)ကျော်အတွက် အကဲဖြတ်မှု အောင်မြင်စွာ ဆောင်ရွက်ပြီးစီးခဲ့ပြီး စက်ရုံပေါင်း (၁၀၀)ကျော်ကို အကဲဖြတ်မှု လုပ်ငန်းစဉ် ဆောင်ရွက်နေဆဲဖြစ်ပါသည်။

၅။ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်းသည် အလုပ်သမားများ၏ အလုပ်အကိုင်နှင့် စားဝတ်နေရေးဆိုင်ရာကိစ္စရပ်များကို အထည်ချုပ်ကဏ္ဍနှင့် ဆက်နွယ်မှုရှိသည့် အကျိုးသက် ဆိုင်သူများအားလုံးနှင့် အပြုသဘောဆောင်သည့် ပူးပေါင်းမှုများ တိုးမြှင့်ဆောင်ရွက်ရန် ဆွေးနွေးလျက်ရှိပါသည်။

၆။ MGMA သည် အပြည်ပြည်ဆိုင်ရာအမှတ်တံဆိပ်အထည်အပ်နှံသူများနှင့် ပြည်တွင်းစက်ရုံများ ၊ ပြည်တွင်းအခြေစိုက် နိုင်ငံခြားသားရင်းနှီးမြှုပ်နှံမှု စက်ရုံများအကြား တာဝန်ယူစွာ လက်တွဲပူးပေါင်းမှု ခိုင်မြဲစေရန် အမြဲတမ်းနှိုးဆော် တိုက်တွန်းလျက်ရှိပါသည်။ MGMAသည် လက်တွေ့မြေပြင်တွင် လုပ်ကိုင်နေသည့် လုပ်ငန်းကဏ္ဍအဖွဲ့အစည်းဖြစ်ပြီး ၂၀၀၀ ခုနှစ် အစောပိုင်းတွင် အလားတူထွက်ခွာမှုများ၏ အနုတ်လက္ခဏာဆောင်သော သက်ရောက်မှုများကို မျက်ဝါးထင်ထင် တွေ့ကြုံခဲ့ရပြီးဖြစ်ပါသည်။ အပြည်ပြည်ဆိုင်ရာ ကုန်အမှတ်တံဆိပ်များအနေဖြင့် မြန်မာနိုင်ငံတွင် တာဝန်ရှိစွာ ဆက်လက် တည်ရှိနေခြင်းသည် အကောင်းဆုံးသော နည်းလမ်းဖြစ်မည်ဟု MGMA က အခိုင်အမာယုံကြည်ပါသည်။ MGMA သည် သိန်းပေါင်းများစွာသော ငယ်ရွယ်သည့် အမျိုးသမီးအလုပ်သမားများ၏ ဘဝအခြေအနေ တိုးတက်မှုနှင့်စပ်လျဉ်း၍ ဂုဏ်သိက္ခာရှိသော အသက်မွေးဝမ်းကြောင်းပညာများဖြင့် ပံ့ပိုးပေးလျက်ရှိရာ ဤအရေးပါသောအခန်းကဏ္ဍကို ဖွံ့ဖြိုးတိုးတက်ရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။ တာဝန်ယူမှုဖြင့် ဆက်လက်ပူးပေါင်းဆောင်ရွက်နေမှုသည် လက်ရှိ အလုပ်အကိုင်အခြေအနေများ ပိုမို ကောင်းမွန်လာစေရန် အထောက်အကူဖြစ်စေမည်ဟု ယုံကြည်ပါသည်။

၇။ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) သည် မြန်မာနိုင်ငံတွင် တာဝန်ယူမှုရှိသော စီးပွားရေးလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ရန် အပြည်ပြည်ဆိုင်ရာ အမှတ်တံဆိပ်များ ၊ မိတ်ဖက်များနှင့်အတူ လက်တွဲလုပ်ဆောင်ရန် အမြဲအဆင်သင့်ရှိနေပြီး အထည်ချုပ်လုပ်ငန်းရှင်များနှင့် အလုပ်သမားများအားလုံးအတွက် မြန်မာ့ အထည်ချုပ်ကဏ္ဍ၏ အခြေအနေ တိုးတက်ကောင်းမွန်လာစေရန် ဆက်လက် လုပ်ဆောင်သွားမည် ဖြစ်ကြောင်း ကတိပြုပါသည်။

* Reid, Helen. "Exclusive: H&M says it will "phase out" sourcing from Myanmar." Reuters, 17 August 2023. https://www.reuters.com/business/retail-consumer/hm-says-it-will-phase-out-sourcing-myanmar-2023-08-17/

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း

# MGMA ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ UMFCCI ၏ ဂုဏ်ပြုလွှာပေးအပ်ပွဲ အခမ်းအနား သို့တက်ရောက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များ စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မှပြုလုပ်သည့် မိုခါ မုန်တိုင်းဒဏ်သင့်ဒေသများ ပြန်လည်ထူထောင်ရေးအတွက် အလှူရှင်များအား ဂုဏ်ပြု မှတ်တမ်းလွှာပေးအပ်ပွဲ အခမ်းအနားကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက် က Pan Pacific Hotel ၌ပြုလုပ်ခဲ့သည်။



U Myint Soe, Chairman of MGMA receiving Certificates of Honor

အခမ်းအနားသို့ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌနှင့်အတူ ဗဟိုအလုပ် အမှုဆောင်အဖွဲ့ဝင်များ/အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရှိ ပြည်ပအထည်ချုပ်လုပ်ငန်းရှင်အသင်းများဖြစ်သော Korea Garment Association in Myanmar (KOGAM), Japan Garment Manufacturers Association in Myanmar (JGMA) and Chinese Textile & Garment Association in Myanmar (CTGA) and Hong Kong Myanmar Manufacturers' Association (HKMMA) တို့တက်ရောက်ကာ ဂုဏ်ပြုမှတ်တမ်းလွှာများကို လက်ခံရယူခဲ့ကြသည်။ ထို့နောက် မြန်မာ နိုင်ငံ အထည်ချုပ်လုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်စိုးမှ ယခုအခမ်းအနားသို့ တက်ရောက်လာကြသည့် အလှူရှင်များအားလုံးကိုယ်စား ကျေးဇူးတင်စကားပြောကြားခဲ့သည်။

အခမ်းအနားသို့ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်း ရှင်များအသင်း ဥက္ကဋ္ဌ ဦးမြင့်စိုးနှင့် အတူ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များ/အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရှိပြည်ပ အထည်ချုပ်လုပ်ငန်းရှင်အသင်း များ ဖြစ်သော Korea Garment Association in Myanmar (KOGAM), Japan Garment Manufacturers Association in Myanmar (JGMA) and Chinese Textile & Garment Association in Myanmar (CTGA) and Hong Kong Myanmar Manufacturers' Association (HKMMA) တို့မှ တာဝန်ရှိလူကြီးမင်းများ တက်ရောက်ခဲ့ကြသည်။




U Myint Soe, Chairman of MGMA delivering thank you note



KOGAM receiving Certificates of Honor




CTGA receiving Certificates of Honor




JGMA receiving Certificates of Honor




HKMMA receiving Certificates of Honor



Delegates from relevant organization



Delegates from relevant organization

# မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု “ စံ “ သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) Level 1 စစ်ဆေးခြင်း

မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှု “ စံ “ သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) မှ National Skill Standard Authority (NSSA) Level 1 အကဲဖြတ်စစ်ဆေးခြင်းကို ၂၀၂၃ ခုနှစ် ဩဂုတ်လ ၂၄ ရက်မှ ၂၆ ရက်များတွင် မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

အဆိုပါစက်ရုံရှိ Operator Level ဝန်ထမ်းများအား ရေးဖြေအဖြစ် Multiple Choice မေးခွန်းများ နှင့် လက်တွေ့စစ်ဆေးမှုအဖြစ် စက် (၅) မျိုးဖြစ်သော Single Needle Lock Stitch Machine, Four Thread Overlock Machine, Button Hole Machine, Button Attached Machine, Bartack Machine တို့ကို လက်တွေ့အသုံးပြုပုံများကို အကဲဖြတ်စစ်ဆေးခဲ့သည်။မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့သည် ဒေသတွင်းသာမက နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကျွမ်းကျင်မှု အခြေပြုလုပ်သားထုတစ်ရပ် ပေါ်ထွန်းစေရန်ရည်ရွယ်၍ ယခုလိုစစ်ဆေးမှုများကိုပြုလုပ်ပေးခြင်းဖြစ်သည်။



NSSA Accessor Team



Practical Test



NSSA Accessor Team and Candidates



Knowledge Test



Practical Test

## NSSA's Garment Sewing Machine Operator Level 2 စစ်ဆေးခြင်း



NSSA Accessor Team and Candidates

NSSA's Garment Sewing Machine Operator Level 2 စစ်ဆေးခြင်းကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်မှ ၃၁ ရက်ထိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ MGHRDC ၌ ပြုလုပ်ခဲ့သည်။

NSSA accessor team မှ ဩဂုတ်လ ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဗဟုသုတဆိုင်ရာများကို သင်ကြားပေးခဲ့ပြီး လက်တွေ့စစ်ဆေးခြင်းကို ဩဂုတ်လ ၃၀ ရက်နှင့် ၃၁ ရက် တို့တွင် ပြုလုပ်ခဲ့သည်။ စစ်ဆေးရာတွင် စုစုပေါင်း သင်တန်းသား ၂၂ ယောက်အား Single Needle Machine နှင့် Special Machines (၉) မျိုး တို့နှင့်ပတ်သက်၍ ဗဟုသုတဆိုင်ရာ စစ်ဆေးခြင်းများနှင့် လက်တွေ့လုပ်ဆောင်ခြင်း တို့ကိုပြုလုပ်ပေးခဲ့သည်။

မြန်မာနိုင်ငံ လုပ်သားများ ကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဌာန်းရေးအဖွဲ့သည် ဒေသတွင်းသာမက နိုင်ငံတကာနှင့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော ကျွမ်းကျင်မှု အခြေပြုလုပ်သားထုတစ်ရပ် ပေါ်ထွန်းစေရန်ရည်ရွယ်၍ ယခုလိုစစ်ဆေးမှုများ ကိုပြုလုပ်ပေးခြင်းဖြစ်သည်။



NSSA Accessor conducting training



Knowledge Test



Practical Test



Practical Test



NSSA Accessor conducting training



Practical Test

# တစ်ဆင့်မြင့်မော်တာစက်ချုပ်သင်တန်း (အမှတ်စဉ် - ၄)



Batch - 4 Group Photo

မြန် မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးပြီး တစ်ဆင့်မြင့်မော်တာ စက်ချုပ်သင်တန်း (အမှတ်စဉ် - ၄) ကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၄ ရက် မှ ၂၅ ရက်ထိ မြန်မာနိုင်ငံအထည်ချုပ် လူ့စွမ်းအား အရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။

သင်တန်းတွင် MGHRDC သင်တန်းကျောင်းမှ ဆရာမများက အထည်တစ်ခု၏ အစိတ်အပိုင်းများဖြစ်သော (အိတ်ဖုံး၊ ခရုပတ်၊ ပခုံးဒေါက်၊ အိတ်ကပ်၊ ဖေါက်အိတ်ပုံစံအမျိုးမျိုး၊ ရိုးရိုးဇစ်တပ်နည်း၊ ဇစ်ပျောက်တပ်နည်း၊ ကျားဝတ်ဂျာစီ (သဘော်သားလျှာချုပ်နည်း)၊ ရှပ်အင်္ကျီလက်ရှည်တစ်ထည်လုံးချုပ်နည်း၊ ခါးပတ်ပါသည့် A Skirt တစ်ထည်လုံးချုပ်နည်း များကို သင်ကြားပေးသွားမည့်အပြင် အထူးစက်ချုပ်သင်တန်း (၆) မျိုးဖြစ်သော ကြယ်သီးဖေါက်စက်အသုံးပြုနည်း၊ ကြယ်သီးတပ်စက်အသုံးပြုနည်း၊ Bartack Machine, Overlock 5 thread, Overlock 5 thread, 2 Needle များကို သင်ကြားပေးခဲ့သည်။ သင်တန်းတွင် စာတွေ့အပြင် လက်တွေ့လုပ်ဆောင်မှုများပါကို သင်ကြားပေးခဲ့ပြီး သင်တန်းသို့ သင်တန်းသား (၁၀) ဦးတက်ရောက်ခဲ့သည်။





Trainer from MGHRDC presenting Sewing Method



Practice Session



Practice Session



Practice Session



Practice Session



Awarded Certificate



Awarded Certificate

# စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၂၀-၂၁)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှကြီးမှူးကာ စက်ရုံလုပ်ငန်းခွင်လက်တွေ့အသုံးချအလုပ်သမားဥပဒေသင်တန်း (Compulsory Training) အမှတ်စဉ် (၂၀-၂၁) ကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်နှင့် ၂၅ ရက်များတွင် မြန်မာနိုင်ငံအထည်ချုပ်လူ့စွမ်းအား အရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေး စင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။



Batch – 20 Group Photo



Labour Officer of MGMA Lecturing Labour Law Awareness

အဆိုပါသင်တန်းကို MGMA ၏စည်းမျဉ်းစည်းကမ်းများအရမဖြစ်မနေတက်ရောက်သင့်သည့်သင်တန်းဖြစ်ပြီး အသင်းဝင်အထည်ချုပ်စက်ရုံများတွင် အလုပ်သမားဥပဒေလေးစားလိုက်နာမှုခိုင်မာအားကောင်းစေရန် ရည်ရွယ်ပြုလုပ်ခြင်းဖြစ်သည်။ သင်တန်းတွင် MGMA ၏ Senior Labour Officer ဦးမင်းစိုးဟန်မှ Induction & Employment, Working Hours & Overtime, Paying Wages, Workplace Relations, Settlement of Disputes & WCC and Labour Organization များကို ဆွေးနွေးမှုများ၊ အမေးအဖြေ ကဏ္ဍများဖြင့်သင်ကြားပေးခဲ့သည်။ သင်တန်းသို့ အသင်းဝင်စက်ရုံ (၄၈) ရုံ မှ HR ဌာန နှင့် Production ဌာနမှ ဝန်ထမ်းဦးရေ (၈၅) ယောက်တက်ရောက်ခဲ့သည်။ MGMA အနေဖြင့် အထည်ချုပ်လုပ်ငန်းစဉ်ဆက်မပြတ်ဖွံ့ဖြိုး တိုးတက်ရေး ရည်မှန်းချက်၏တစ်စိတ်တစ်ပိုင်းအနေဖြင့် သင်တန်းကိုလစဉ် ပုံမှန် ပြုလုပ်သွားမည်ဖြစ်သည်။





Labour Officer of MGMA Lecturing Labour Law Awareness



Batch – 21 Group Photo

# အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် ( ၂၂၃ )

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ ကြီးမှူးပြီး အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၂၃) ကို ၂၀၂၃ ခုနှစ်၊ ဇူလိုင်လ ၁၇ ရက်မှ ဩဂုတ်လ ၄ ရက်ထိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ပြုလုပ်ခဲ့သည်။



Batch – 223 Group Photo

သင်တန်းတွင် အထည်ချုပ်လုပ်ခြင်းဆိုင်ရာတွင် သိသင့်သိထိုက်သည့် ဗဟုသုတများ၊ ချုပ်နည်းအဆင့်ဆင့်များကို လက်တွေ့သင်ကြားမှုများဖြင့် သင်ကြားပေးခဲ့ပြီး MGMA မှအလုပ်သမားဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြားပေးခဲ့သည်။ သင်တန်းသို့ သင်တန်းသား (၂၈) ယောက်တက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ် များပေးအပ်ခဲ့သည်။



MGMA Conducting Labour Law Awareness





Trainer of MGHRDC giving training method







Practice Session







Giving Certificates

# အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် ( ၂၂၄ )

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း (MGMA) မှ ကြီးမှူးပြီး အခြေခံမော်တာစက်ချုပ်သင်တန်း အမှတ်စဉ် (၂၂၃) ကို ၂၀၂၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်မှ ၂၅ ရက်ထိ မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်း လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေးစင်တာ (MGHRDC) ၌ပြုလုပ် ခဲ့သည်။



Batch – 224 Group Photo

သင်တန်းတွင် အထည်ချုပ်လုပ်ခြင်းဆိုင်ရာတွင် သိသင့်သိထိုက်သည့် ဗဟုသုတများ၊ ချုပ်နည်းအဆင့်ဆင့်များကို လက်တွေ့သင်ကြားမှုများဖြင့် သင်ကြားပေးခဲ့ပြီး MGMA မှအလုပ်သမားဥပဒေဆိုင်ရာ သိကောင်းစရာများကို ရှင်းလင်းပြောကြား ပေးခဲ့သည်။ သင်တန်းသို့ သင်တန်းသား (၂၅) ယောက်တက်ရောက်ခဲ့ပြီး သင်တန်းဆင်းလက်မှတ် များပေးအပ်ခဲ့သည်။







Trainer of MGHRDC giving training method



MGMA Conducting Labour Law Awareness



Practice Session



Practice Session







Practice Session

## အလုပ်သမားဥပဒေလေးစားလိုက်နာမှုဆိုင်ရာ ကိုယ့်ကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်း (VLCA)

မြန်မာနိုင်ငံအထည်ချုပ်လုပ်ငန်းရှင်များအသင်း ၏ Voluntary Labour Compliance Assessment အစီအစဉ်အဖြစ် ၂၀၂၃ ခုနှစ်၊ ဩဂုတ်လတွင် အသင်းဝင်စက်ရုံ (၂) ရုံ သို့သွားရောက်စစ်ဆေးခဲ့သည်။ အဆိုပါ (၂) ရုံမှာ New Plus Co.,Ltd နှင့် Myanmar Bestex Garment Co.,Ltd.တို့ဖြစ်သည်။

ရွှေလင်ဗန်းစက်မှုဇုန်ရှိ Myanmar Bestex Garment Co.,Ltd သို့ ဩဂုတ်လ ၁၀ ရက်တွင်လည်းကောင်း ၊ သာဓုကန်စက်မှုဇုန်ရှိ New Plus Co.,Ltd သို့ ဩဂုတ်လ ၁၈ ရက်တွင်လည်းကောင်း၊ သွားရောက်စစ်ဆေးခဲ့သည်။



Myanmar Bestex Garment Co.,Ltd

အဆိုပါစက်ရုံများသို့ MGMA ၏ Senior Labour Officer မှသွားရောက်ကာ VLCA အစီအစဉ်တွင်အကျုံးဝင်သည့် စာရွက်စာတမ်းအားလုံး နှင့်ကိုက်ညီမှုရှိ၊မရှိကို အသေးစိတ်ကြည့်ရှုစစ်ဆေးခဲ့သည်။ Voluntary Labour Compliance Assessment သည် ၂၀၁၉ ခုနှစ်တွင် MGMA နှင့် ILO/ACTEMP တို့ပူးပေါင်းအကောင်အထည်ဖော်ခဲ့သည့် အလုပ်သမားဥပဒေလေးစားလိုက်နာမှုဆိုင်ရာ ကိုယ့်ကိုယ်ကို အကဲဖြတ်စစ်ဆေးခြင်းအစီအစဉ်တစ်ခုဖြစ်ပြီး ၂၀၂၀ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၇ ရက် တွင် တရားဝင်ကြေညာခဲ့သည်။



New Plus Co.,Ltd

# UPCOMING ACTIVITIES

| . | Description | Date & Time | Venue |
|---|---|---|---|
| 1. | Labour Law Awareness Training Batch – 22 & 23 | TBA | MGHRDC |
| 2. | Basic Sewing Machine Operator Training (Batch – 227-228) | TBA | MGHRDC |

# MEMBERSHIP UPDATE

Membership Update as of August 2023

| **Status** | **Country** | **No. of Factories** |
|---|---|---|
| Active | Myanmar | 61 |
| | China | 311 |
| | Korea | 55 |
| | Japan | 18 |
| | Others | 19 |
| | Joint Venture | 29 |
| | Local, Sub-Con, Marketing, Inspection ,Textile | 53 |
| Total (Active) | | 546 |
| Total (Inactive) | | 271 |
| Grand Total | | 817 |